# ဒိဋ္ဌိ

ဒိဋ္ဌိသည် မဂ်တား၊ ဖိုလ်တား ဖြစ်၏။ မိမိတို့ သွားရာလမ်းခရီးတွင် အနှောင့်အယှက် အတားအဆီး ဖြစ်သည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီးက

၁။ ဒါနကို နောက်ထားပါဦး။
၂။ သီလကိုလည်း နောက်ထားပါဦး။
၃။ သမထကိုလည်း နောက်ထားပါဦး။
၄။ ဝိပဿနာကိုလည်း နောက်ထားပါဦး။

သူတို့အရင် ဒိဋ္ဌိခွာမှု၊ ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထားပါ ဟု မိန့်တော်မူပါသည်။

## ဒိဋ္ဌိဖြစ်ခြင်း အကြောင်းရှစ်ပါး

ခန္ဓာ အဝိဇ္ဇာ ဖဿောစ၊
သညာ တက္ကော အယောနိသော။
ဒုမ္မိတ္တော ပရတော ဃောသော၊
ဒိဋ္ဌိဌာနာနိအဋ္ဌဓာ။ ။

၁။ ခန္ဓာ၏သဘောကို မသိခြင်းကြောင့် ဒိဋ္ဌိဖြစ်သည်။
၂။ အဝိဇ္ဇာကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။
၃။ ဖဿကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။
၄။ သညာအမှတ်မှားလို့လည်း ဒိဋ္ဌိဖြစ်သည်။
၅။ ဝိတက်ကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။
၆။ နှလုံးသွင်းမှားသောကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။
၇။ မိတ်ဆွေမှားနှင့် ပေါင်းသင်းမိ၍လည်း ဒိဋ္ဌိဖြစ်သည်။
၈။ မှားယွင်းသောတရားကို နာရသောကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။

## ဒိဋ္ဌိ သုံးမျိုး

ဒိဋ္ဌိ (၆၂) မျိုးရှိပါသည်။ ယင်းတို့အနက် ပထမ မဂ်ဖြစ်သော သောတာပတ္တိမဂ် အတွက် အရေးအကြီးဆုံးဖြစ်သော ဒိဋ္ဌိများမှာ...

၁။ သက္ကာယဒိဋ္ဌိ - ခန္ဓာ ၅-ပါးကို ပုဂ္ဂိုလ် သတ္တဝါ၊ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ ဟု

ထင်မှတ်မှားသော အယူ။
၂။ သဿတဒိဋ္ဌိ - ခန္ဓာ ၅-ပါးကို ခိုင်သည်၊ မြဲသည်ဟု ထင်မှတ်မှားသော အယူ။
၃။ ဥစ္ဆေဒဒိဋ္ဌိ - ဘဝ (ဖြစ်တာ) ပြတ်တယ်ဟု ထင်မှတ်မှားသောအယူ။

(၁) ပဥ္စက္ခန္ဓာဟုဆိုသော ခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ ငါ ငါ့ဉစ္စာ အသက်ဝိညာဉ်ဟု ထင်မြင်ယူဆသော အမြင်မှား၊ အယူအဆမှား။ [သက္ကာယေ = အစစ်အမှန် ထင်ရှားရှိသော ခန္ဓာငါးပါး၊ ဒိဋ္ဌိ=အမြင်၊ အယူအဆ]

(၂) တချို့က ယူဆကြသည်။ ဤရုပ် နာမ် နှစ်ပါး ခန္ဓာငါးပါး ပျက်စီးသွားလျှင် ခန္ဓာကြီးက ကျန်ရစ်ခဲ့၏။ မြေမြှုပ်ရ၏။ မီးရှို့ရ၏။ ရေမျှောရ၏။ နာမ်ခန္ဓာတွေကတော့ ထိုသို့အပြုမခံ၊ ဆိုင်ရာဘဝသို့ ကူးသွားကြသည်။ အထူးအားဖြင့် ဝိညာဏ်ဆိုသော စိတ်ကလေးက ဆိုင်ရာ ဘဝသို့ ကူးပြောင်းသွားသည်ဟု ယူဆကြ၏။

ဤသို့ဖြစ်လျှင် ဝိညာဏ်ဆိုသော စိတ်ကလေးက မသေဘဲ မြဲနေသည်၊ ခိုင်နေသည်ဟု အဓိပ္ပါယ် ရောက်သည်။ ထိုသို့ မြဲနေသည် ခိုင်နေသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိ ဖြစ်နေပြီ။ [သဿတ = ခိုင်မြဲနေသော၊ ဒိဋ္ဌိ=အမြင်၊ အယူအဆ]

(၃) အချို့ပုဂ္ဂိုလ်တို့ကား ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး ပျက်စီးသွားလျှင် (ဝါ) သေသွားလျှင် ပြတ်ပြီ၊ နောက်ထပ် အဆက်အစပ် မရှိ။ သည်တစ်ဘဝမျှသာ ဖြစ်၏။ သစ်ရွက်ကလေးတွေ ရင့်၍ ဝါရော်လာပြီး ကြွေကျသွားလျှင် နောက်ထပ်ပြန်ပြီး မစိမ်းစိုတော့၊ ခြောက်သွေ့ ပြတ်တောက် သွားတော့သည်ဟု ယူဆကြ၏။

ဤအတူ ဤပုဂ္ဂိုလ်သည်လည်း ဘယ်ဘဝသို့မျှ ကူးပြောင်းသွားသည်မရှိ။ သည်ဘဝပြီး၍ ပြတ်စဲသွားပြီ။ နောက်ထပ် အဆက်အစပ်မရှိ။ ဤသို့ ယူဆစွဲမြဲနေလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နေပြီ။ [ဥစ္ဆေဒ = ပြတ်ဆဲသွားသော၊ ဒိဋ္ဌိ = အမြင်၊ အယူအဆ]

အရှင်အာဒိစ္စရံသီ (ဦးဆန်းလွင်)